**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (054/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၄/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၀၅) ရက်နေ့အထိ

## လွှတ်တော်အဆင့်ဆင့်

- ဇန်နဝါရီ ၃၁ ရက်နေ့တွင် ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရာထူးများကို မဲခွဲဆုံးဖြတ်သော်လည်း တက်ရောက်သူများအားလုံးထဲမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်နှင့် တပ်မတော်သား ကိုယ်စားလှယ်များသာ အများစုဖြစ်နေသောကြောင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကို စစ်အစိုးရ၏ နံပါတ် ၃ အဆင့် ခေါင်းဆောင် သူရ ဦးရွှေမန်းက ရွေးချယ်ခံလိုက်ရခြင်းဖြစ်ကြောင်း ဒီမိုကရက်တစ် အင်အားစု ကိုယ်စားလှယ်များက ပြောကြသည်။ **(Irrawaddy 310111)** Read More..., Mizzima..., RFA...
- လွှတ်တော်ထဲတွင် အငြင်းအခုံကိစ္စများသည် အချိန်ကုန်ခံအလုပ်ဖြစ်မည်မဟုတ်သောကြောင့် ခွင့်ပြုမည်မဟုတ်ကြောင်း ဇန်နဝါရီ ၃၁ ရက်နေ့က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသူ ဦးခင်အောင်မြင့်က ပြောဆိုလိုက်သည်။ **(RFA 010211)** Read More..., Mizzima...
- တိုင်းနှင့် ပြည်နယ်လွှတ်တော် ၁၄ ရပ်ရှိ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ ရာထူးအားလုံး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်အမတ်များသာ ရရှိခဲ့ကြသည်။ **(Mizzima 010211)** Read More...
- ဒုတိယမြောက်နေ့ လွှတ်တော်အစည်းအဝေးတွင် ဒုသမ္မတလောင်း ငါးယောက်၏ ကိုယ်စားလှယ် အမည်စာရင်း အဖြစ် ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးစောသိန်းအောင်တို့ဖြစ်ပြီး အမျိုးသားလွှတ်တော်တွင် **USDP** မှ ဒေါက်တာ စိုင်းမောက်ခမ်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** မှ ဒေါက်တာအေးမောင်နှင့် ၂၅ ရာခိုင်နှုန်း တပ်မတော်သားများမှ သီဟသူရ တင်အောင်မြင့်ဦးတို့မှ အဆိုတင်သွင်းခံခဲ့ရသည်။ **(BBC 010211)** Read More..., RFA...
- ဇန်နဝါရီ ၃ ရက်နေ့ လွှတ်တော်စည်းဝေးပွဲတွင် ပမာဏရွေးချယ်ထားသော သမ္မတလောင်း ၅ ဦးထဲ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များဖြစ်သော ပြည်သူလွှတ်တော်မှ ဦးသိန်းစိန် ၊ အမျိုးသား လွှတ်တော်မှ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် တပ်မတော်သားကိုယ်စားလှယ်များဘက်မှ အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးတို့ကို ဒု–သမ္မတ ၃ ဦးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ **(VOA 030211)** Read More...
- ဖေဖေါ်ဝါရီ ၄ ရက်နေ့က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ **USDP** ဥက္ကဋ္ဌ ဦးသိန်းစိန်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ သီဟသူရ တင်အောင်မြင့်ဦး အား ဒု–သမ္မတ



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

၁ အဖြစ်လည်းကောင်း၊ ဒေါက်တာ စိုင်းမောက်ခမ်းအား ဒု–သမ္မတ ၂ အဖြစ်လည်းကောင်း အသီးသီးရွေးချယ်ခံခဲ့ရသည်။ **(Irrawaddy 040211)** **Read More...**, **Mizzima...**

- ပြည်ထောင်စု အစိုးရအဖွဲ့ကို ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖွဲ့စည်းမည်ဟု ရခိုင်တိုင်းရင်းသားများ ဖွံ့ဖြိုးတိုး တက်ရေးပါတီ **RNDP** မှ အမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်က ပြောသည်။ **(Mizzima 040211)** **Read More...**

## အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် လွှတ်တော်အစည်းအဝေး များအတွက် နိုင်ငံတဝန်း လုံခြုံရေး တင်းကျပ်ထားပြီး ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ကျရောက်မည့် တရုတ်နှစ်သစ်ကူးအကြို ပွဲလမ်းများ အပါအဝင် ပွဲတော်များကျင်းပခွင့် ကန့်သတ်ထားကြောင်း လသာမြို့နယ် ရဲစခန်းမှ ရဲဝန်ထမ်းတစ်ဦးက ပြောသည်။ **(Irrawaddy 310111)** **Read More...**
- နေပြည်တော်တွင် နေထိုင်သည့် မိသားစုအားလုံး လုံခြုံရေးကတ်ပြား သန်းခေါင်စာရင်းများကို အိမ်တိုင်းတွင် ချိတ်ဆွဲထားရမည်ဆိုသော ညွှန်ကြားချက်တစ်ရပ်အား နေပြည်တော်တိုင်း စစ်ဌာနချုပ်က ဇန်နဝါရီလကုန်ပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ **(Irrawaddy 020211)** **Read More...**
- ထိုင်း–မြန်မာနယ်စပ် ဘုရားသုံးဆူမြို့သို့ ဖေဖော်ဝါရီ ၄ ရက်နေ့ညနေ ၃ နာရီခွဲခန့်တွင် စစ်လက်နက် ခဲယမ်းများ၊ တပ်ရိက္ခာများအပါအဝင် စစ်အစိုးရတပ် တပ်မ ၇၇ အင်အား ၂၀၀ ကျော်နှင့် မော်တော်ကား ၃၂ စီးနှင့်အတူ ရောက်ရှိလာသည်ဟု ဒေသခံစစ်ရေးလေ့လာသူတစ်ဦးက ပြောသည်။ **(IMNA 040211)** **Read More...**
- သျှမ်းပြည်မြောက်ပိုင်း လားရှိုးအခြေစိုက် ရမခ တိုင်းရုံးမှ မြို့အရှေ့မြောက်ဘက်ရှိ ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား ပြည်သူ့စစ်သင်တန်းအတွက် လူပို့ပေးရန် ဆင့်ထားကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **S.H.A.N 040211** **Read More...**
- နေပြည်တော် မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၆၄) ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို လွှတ်တော်အရပ်ရပ်မှ တင်မြှောက်လိုက်သည့် သမ္မတနှင့် ဒု–သမ္မတများ ပါဝင်တက်ရောက် မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းသမားများ တက်ရောက်သတင်းယူခွင့်ရရှိမည်ဟု ပြန်ကြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။ **(DVB 040211)** **Read More...**
- မြန်မာနိုင်ငံကို ၁၉ နှစ်ကျော် စစ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရာထူးမှ မကြာခင် အနားယူတော့မည်ဟု တပ်မတော်ထိပ်ပိုင်းခေါင်းဆောင်များနှင့်နီးစပ်သည့် တပ်မတော် အရာရှိဟောင်းများက ပြောသည်။ **(DVB 040211)** **Read More...**

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ရခိုင်ပြည်နယ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခံရကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** ပြည်သူ့လွှတ်တော်အမတ် ဦးဘရှိန်က ပြောသည်။ **(Mizzima 310111)** **Read More...**
- မွန်ပြည်နယ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခံရကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** မှ ဥက္ကဋ္ဌ ဦးနိုင်ငွေသိန်းက ပြောသည်။ **(Mizzima 310111)** **Read More...**
- ရန်ကုန်တိုင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် သဘာပတိ ရာထူးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ **USDP** မှ အမတ်များကို ရွေးချယ်လိုက်ပြီဟု ယင်းလွှတ်တော်နှင့် နီးစပ်သည့် အသိုင်းအဝိုင်းထံမှ ဆိုသည်။ **(Mizzima 310111)** **Read More...**
- ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ရပ်ကွက်များရှိ ကွန်ကရစ်၊ ကတ္တရာခင်းလမ်းများ၏ထိပ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ကမ္ပည်း မော်ကွန်းကျောက်စာတိုင်များ စိုက်ထူရန်လမ်းတလမ်းလျှင် ကျပ် ၇ သောင်းခွဲ လိုက်လံကောက်ခံနေသည်ဟု ဒေသခံများက ပြောသည်။ **(Irrawaddy 010211)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- သျှမ်းပြည် တောင်ကြီးမြို့တွင် ခေါ်ယူကျင်းပသည့် ပြည်နယ်လွှတ်တော် သဘာပတိ၊ ဥက္ကဌ နှင့် ဒုဥက္ကဌ ရာထူး အသီးသီးအား ရွေးချယ်သတ်မှတ်ရာတွင် **USDP** မှ အမတ်များသာရရှိသွားကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရက် တစ်ပါတီ **SNDP** အမတ်တစ်ဦးက ပြောသည်။ **(S.H.A.N 010211)** Read More...
- ချင်းပြည်နယ်လွှတ်တော်အစည်းအဝေးကို ပြည်နယ်၏မြို့တော် ဟားခါးမြို့ လွှတ်တော်ရုံးတွင်ကျင်းပခဲ့ကြပြီး ပြည်နယ် လွှတ်တော် သဘာပတိ ကြံ့ဖွံ့ပါတီမှ ဗိုလ်မှူးချုပ်ဟောင်း ဦးဟုန်းငိုင်၊ လွှတ်တော် ဥက္ကဌ ကြံ့ဖွံ့ပါတီမှ ဦးဟောက်ခင်ခမ်း နှင့် လွှတ်တော် ဒု–ဥက္ကဌ ကြံ့ဖွံ့ပါတီမှ ဦးအုန်းလွင်တို့ရွေးချယ်ခံရသည်။ (Khonumthung 010211) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- ပြည်တွင်း ပြည်ပ ပြည်သူ့ကွန်ယက်ဖွဲ့ရာတွင် ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန် ကျယ်ပြန့်လာစေရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** က သတင်းစာမျက်နှာ **website** တစ်ခုအား ဇန်နဝါရီ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ် လိုက်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ **(VOA 300111)** Read More...
- ရွေးကောက်ပွဲနှင့် လမ်းပြမြေပုံ ၇ ချက်ကို အစကတည်းကပင် ဝေဖန်ထားသည့်အတိုင်း ဇန်နဝါရီ ၃၁ ရက်နေ့တွင် ကျင်းပသည့်ပါလီမန်သည်လည်း တိုင်းပြည်အတွက် ထူးခြားမှုများရှိလာမည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးဝင်းတင်က ပြောသည်။ **(DVB 310111)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** သည် ဥပဒေကြောင်းအရ တရားဝင်ရပ်တည်ခွင့်မရသော်လည်း **NLD** သည် ဆက်လက်ရှင်သန် ရပ်တည်နေသည်ဟု ဒေါ်အောင်ဆန်းစုကြည်က **BBC** ကမ္ဘာတလွှားဌာနကြီး၏ **World Have Your Say** အထူးအစီအစဉ်တွင် ကမ္ဘာတလွှား သောတရှင်များကို ပြောကြားလိုက်သည်။ **(BBC 010211)** Read More...
- အရှေ့အလယ်ပိုင်းဒေသ အီဂျစ် နိုင်ငံ အတွင်း သီတင်းတပတ်ကြာသည်အထိ အစိုးရကိုဆန့်ကျင် ဆန္ဒပြနေသူများ အပေါ်စာနာကြောင်းနှင့် ၄င်းတို့နှင့် တသားတည်းရှိကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ **(Irrawaddy 020211)** Read More..., RFA...
- ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်းမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်များမဟုတ်သည့် တိုင်းနှင့်ပြည် နယ်အသီးသီးမှ လူငယ်များနှင့် ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်တို့တွင် တွေ့ဆုံမည်ဖြစ်ကြောင်း **NLD** ပြန်ကြားရေးတာ ဝန်ခံဦးအုန်းကြိုင်က ပြောသည်။ **(BBC 020211)** Read More...
- ယနေ့လူငယ်များ၏ နိုင်ငံရေးစိတ်ဓာတ်များ နိုးကြားတက်ကြွမှုများစွာလိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(DVB 030211)** Read More...
- တွေ့ဆုံဆွေးနွေးရေးနှင့် တိုင်းရင်းသား အခွင့်အရေးအတွက် လွှတ်တော်ထဲတွင် ဝိုင်းဝန်းကြိုးစားရန် လိုအပ် ကြောင်း ဗညားအောင်ရေးသားသည့် ဆောင်းပါးတပုဒ် နိုင်ငံပိုင် မြန်မာ့အလင်း သတင်းစာထဲ၌ ဖော်ပြထား သော်လည်း တိုင်းရင်းသား လက်နက်ကိုင်များအပါအဝင် **NCUB** နှင့် **NLD** အတိုက်အခံအဖွဲ့များက လက်မခံသည့်အပြင် လွှတ်တော် များရှိသော်လည်း လက်တွေ့တွင် တပါတီ ကြီးစိုးရေးဖြစ်ပြီး၊ အပြိုင်အဆိုင် မရှိနိုင်သဖြင့် တိုင်းရင်းသားများကိုယ်စားမ ပြုဟု ဝေဖန်ပြောဆိုနေကြသည်။ **(Mizzima 040211)** Read More...
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** ၏ လပတ်အစည်းအဝေးတစ်ရပ်အား ဖေဖော်ဝါရီ ၄ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်တွင် ကျင်းပခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးတင်ဦး၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးပုကျင့်ရှင်းထန်၊ ဦးထောင်ကိုထန်း၊ ဦးစိုးဝင်း၊ ဦးနိုင်ထွန်းသိန်းနှင့် ဦးသိန်းဖေတို့ တက်ရောက်ခဲ့ပြီး ၂၁ ပင်လုံညီလာခံအကြောင်း အဓိကဆွေးနွေးခဲ့ကြသည်ဟု **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(DVB 040211)** Read More...



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ထိုင်း–မြန်မာနယ်စပ် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နယ် အပလုံကျေးရွာအနီးတွင် နအဖစစ်အစိုးရတပ်နှင့် ကရင်အမျိုးသားအစည်းအရုံး KNU တပ်ဖွဲ့တို့ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ကားသမား ၂ ဦး သေဆုံးခဲ့သည်ဟု အာဏာပိုင် အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ IMNA **310111** **Read More...**
- ထိုင်း–မြန်မာနယ်စပ် ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ မြိုင်သာကျေးရွာတွင် ဖေဖော်ဝါရီလ ၁ ရက် ညနေ ၄ နာရီခွဲခန့်က နအဖစစ်အစိုးရတပ် (စကခ) ၈ အောက်ရှိ ခမရ ၄၀၂ တပ်ရင်း စစ်ကြောင်း၊ ခမရ ၄၀၆ တပ်ရင်း စစ်ကြောင်းများနှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် **KNLA** တပ်မဟာ ၆၊ တပ်ရင်း ၁၆၊ တပ်ခွဲ ၂ တို့ နာရီဝက်ကျော် တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဒေသခံများက ပြောသည်။ **IMNA 030211** **Read More...**

## (ဂ) နယ်စပ်အခြေစိုက်အဖွဲ့အစည်းများ

- မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု **FDB** က "၂၀၁၀ ရွေးကောက်ပွဲ မတရားဆုံး မတရားမှုများ"ဟု အမည်ပေးထားသည့် စာမျက်နှာ ၉၄ မျက်နှာပါ အစီရင်ခံစာတစောင်ကို ဇန်နဝါရီ ၃၁ ရက်နေ့တွင် ထုတ်ပြန်လိုက်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းအရ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲတခုတွင် ရှိသင့်သော အချက် ၁၆ ချက်နှင့် စစ်အစိုးရ ပြုလုပ်သည့် ရွေးကောက်ပွဲကို နှိုင်းယှဉ်ဖော်ပြထားသည်။ **(DVB 310111)** **Read More...**
- ဝန်ကြီးချုပ်သိန်းစိန်အဖြစ်မှ သမ္မတအဖြစ်လာသော ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခြားဗိုလ်ချုပ်ကြီးများကဲ့သို့ စီးပွားရေးသမားများနှင့် ဒွေးရောယှက်တင်နေခြင်းမျိုး၊ နာမည်ပျက်ခြင်းမျိုးများ မရှိခဲ့သည့်သူတစ်ဦးဖြစ်သည်ဟု ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး သုတေသနအင်အားစု **NDD** သုတေသနဌာနမှ စိုင်းမြင့်သူက ပြောသည်။ **(BBC 040211)** **Read More...**

## (ဃ) ပြည်ပအင်အားစုများ

- နအဖ ခေါ်ယူကျင်းပနေသည့် ပြည်သူ့လွှတ်တော်ကို လက်ခံနိုင်စရာအကြောင်းမရှိကြောင်း ပြည်ပအခြေစိုက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှ ၁၉၉၀ ပြည်နှစ်ရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဦးက ပြောကြားလိုက်သည်။ **(DVB 310111)** **Read More...**
- စစ်ကြောင့် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်လာသည့် အမျိုးသမီးများနှင့် ကလေးများကို ငဲ့ညှာသောအားဖြင့် အတင်းအကျပ် နေရပ်ပြန်မပို့ဘဲ လုံခြုံစိတ်ချရသည့် အခြေအနေအထိ ထိုင်းနယ်မြေထဲတွင် ယာယီခိုလှုံခွင့်ပြုရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** က ထိုင်းအစိုးရထံ ဖေဖော်ဝါရီ ၂ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (**Mizzima 030211)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **(DKBA)** တပ်မဟာ ၅ မှ ဗိုလ်မှူးကြီး စောကျော်သက်က စစ်ရေး အရ ပူးပေါင်း ကူညီရန် ရှမ်းပြည် တပ်မတော် တောင်ပိုင်း **(SSA-S)**ထံ လွှန်ခဲ့သည့်အပတ်က သွားရောက်ဆွေးနွေးခဲ့သည်။ **(Irrawaddy 310111)** **Read More...**
- ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ကော့ကရိတ်–မြဝတီကားလမ်းတနေရာတွင် ဇန်နဝါရီ ၃၀ ရက်နေ့နံနက် ၈ နာရီကျော် အချိန်၌ **DKBA** တပ်ဖွဲ့၏ ဆွဲမိုင်းကြောင့် နအဖ တပ်ရင်း (၂၇၅) မှ တပ်ဖွဲ့ဝင် ၆ ဦးကျဆုံး၍ ၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း **DKBA** တပ်မဟာ(၅)မှ စစ်ဆင်ရေးမှူး ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(KIC 310111)** **Read More...**



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- မြဝတီခရိုင် အူးကလေးထာ့ ဒေသရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုး သားတပ်မတော် **(DKBA)** တပ်မဟာ ၅ ၏ စစ်ရေးအချက်အခြာကျသည့် တပ်စခန်းတခုကို ဖေဖော်ဝါရီ ၁ ရက်နေ့နံနက်က နအဖ တပ်တပ်များက လက်နက်ကြီးများဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာမှ လက်နက်ကြီးကျည်များ ထိုင်းဘက်ကျရောက်ခဲ့သဖြင့် ဒေသခံထိုင်းရွာသား ၇၀၀ ခန့်ထွက် ပြေးတိမ်းရှောင် ကြရသည်။ **(Irrawaddy 010211)** [Read More...]
- ကရင်အမျိုးသားအစည်းအရုံး **KNU** တပ်ဖွဲ့ဝင်များနှင့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တို့ပူးပေါင်းကာ ကရင်ပြည်နယ် ကော့ကရိတ်မြို့အရှေ့နားရှိ နအဖတပ်တောင်သုံးလုံးစခန်းကို လက်နက်ကြီးငယ်များဖြင့် သွားရောက်တိုက်ခိုက်ခဲ့ပြီး မိုက်ခရိုဝေ့ဗ်ကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု **DKBA** တပ်မဟာ(၅)မှ ကလို့ထူးဘောဗျူဟာ အခြေစိုက် စစ်ဆင်ရေးမှူး **G2** ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(KIC 010211)** [Read More...]
- စစ်အာဏာရှင်စနစ် တိုက်ခိုက်ရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများ တညီတညွတ်တီ တိုက်ခိုင်ကြရန် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်မဟာ ၅၅၅ ခေါင်းဆောင် ဗိုလ်မှူးချုပ် နှုတ်ခမ်းမွေး (ခေါ်) စောလားဘွယ်က ပြောကြားလိုက်သည်။ **(DVB 030211)** [Read More...]
- မြန်မာစစ်အစိုးနှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA** တပ်များအကြား တိုက်ပွဲဖြစ်ပွားနေသည်မှာ (၃) လကျော်ကြာခဲ့ပြီးဖြစ်သည့်အတွက် **DKBA** ဘက်က ရေရှည်ရပ်တည်နိုင်ရန်နှင့် စစ်အစိုးရ တပ်ကို ရေရှည်တိုက်ခိုက်နိုင်ရန်အတွက် နည်းဗျူဟာသစ်ပြောင်းရမည်ဟု **DKBA** စစ်ဆင်ရေးမှူး ဗိုလ်ဆန်းအောင်က ပြောသည်။ **(Kaowao 040211)** [Read More...]
- မွန်ပြည်သစ်ပါတီအား မွန်သောင်းကျန်းသူအဖွဲ့ဟု ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် မြန်မာစစ်အစိုးရ သတင်း စာများတွင် ရေးသားဖော်ပြထားသည်။ **(Kaowao 040211)** [Read More...]
- ဒုတိယအကြိမ် ပင်လုံညီလာခံ ပေါ်ပေါက်လာရန် ကြိုးစားသွားမည်ကြောင်း နှစ် ၅၀ မြောက် ကချင် တော်လှန်ရေးနေ့ အခမ်းအနားတွင် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** ဥက္ကဋ္ဌ ဦးဇောင်းဟရားက ပြောလိုက်လိုက်သည်။ **(RFA 050211)** [Read More...]

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- နေပြည်တော်သို့ရောက်ရှိနေကြသော လွှတ်တော်ကိုယ်စားလှယ်များအတွက် တစ်ဦးကို ကျပ်ငွေ သုံးသိန်းစီ စစ်အစိုးရက ထုတ်ပေးထားသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစားအသောက်နှင့် နေထိုင်ရေးတွင် ပူပန်စရာမလိုသော်လည်း သောက်သုံးရေသန့် ရရှိဖို့နှင့် ရာသီဥတု အပြောင်းအလဲကြောင့် ကိုယ်စားလှယ်အချို့ကျန်းမာရေး ထိခိုက်နေကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ **(RFA 300111)** [Read More...]
- ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ၏ လစာကို ကျပ်သိန်း ၅၀ သတ်မှတ်ပြီး ကား ၆ စီး အပါအဝင် လိုအပ်သည့်အဆောင်အယောင်များ၊ နိုင်ငံခြား ဆေးကုသခွင့်များရှိသည့် သတ်မှတ်ချက်ကို ယခုမှသိခွင့်ရသည်ဟု အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေက ပြောသည်။ **(RFA 010211)** [Read More...]
- ဒုသမ္မတလောင်းထဲတွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ် ၂ ဦး အဆိုတင်သွင်းမှုနှင့်ပတ်သက်ပြီး တပ်မတော် ကိုယ်စားလှယ်များ၊ အစိုးရကျောထောက်နောက်ခံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကိုယ်စားလှယ်များတို့နှင့် ယှဉ်ပြိုင်ပြီး မဲခွဲရွေးချယ်ဆုံးဖြတ်ရာတွင် ၄င်းတို့နှင့် မယှဉ်သာသော်လည်း ယင်းဆုံးဖြတ်ချက်သည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသားများရှိသည်ဆိုခြင်းကို သတိရစေရန် ပြသသည့်သဘောဖြစ်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက် တစ် (ကျားဖြူပါတီ) မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းဆောင်ဆီက ပြောသည်။ **(DVBA 010211)** [Read More...]
- နေပြည်တော် လွှတ်တော်အစည်းအဝေးဒုတိယမြောက်နေ့၌ ဒု–သမ္မတလောင်း ၅ ဦးအမည်စာရင်းတင်သွင်းရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ပြည်နယ်လွှတ်တော်အမတ် ဒေါက်တာစိုင်းမောက်ခမ်းပါဝင်မှုအပေါ်



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ဝမ်းမြောက်ကြောင်း ဖုန်းဖြင့် ဂုဏ်ပြုစကားပြောကြားခဲ့သည်။ **(S.H.A.N 020211)** **Read More...**

- နိုင်ငံရပ်ခြားရောက် မြန်မာများ၏ လွှတ်ငြိမ်းချမ်းသာခွင့်ကိစ္စကို လွှတ်တော်တွင်း ဖေဖော်ဝါရီ ၃ ရက်နေ့တွင် တင်ပြသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု **NDF** သင်္ကန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။ (Mizzima 030211) **Read More...**
- ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ **RNDP** ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ဒု–သမ္မတရွေးပွဲတွင် ရှုံးနိမ့်ခဲ့သော်လည်း ဒီမိုကရေစီနှင့် တိုင်းရင်းသားအင်အားစုများ၏ အသံကို ပါလီမန်ထဲတွင် ကျယ်ကျယ်လောင်လောင် ထွက်လာရန် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောဆိုလိုက်သည်။ **(DVB 030211)** **Read More...**
- ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီက ၄င်းတို့ပါတီ၏ လက်ရှိအဖွဲ့ဝင် ၃၀,၀၀၀ ခန့်ရှိနေပြီး အဖွဲ့ဝင်သစ်အင်အားစုဆောင်းသည့်လုပ်ငန်းစဉ်ကို မတ်လအတွင်း ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ဒေသငါးခု၌ စာပေယဉ်ကျေးမှုကို အခြေပြုပြီး စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းပါတီဥက္ကဋ္ဌ စောခင်မောင်မြင့်က ပြောသည်။ **(Myanmar Time Vol.26, NO.503 310111)** **Read More...**

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- နေပြည်တော်တွင် ပထမဆုံးခေါ်ယူသည့် လွှတ်တော်အစည်းအဝေးကို သပိတ်မှောက်သည့်အနေဖြင့် တွံတေးမြို့နယ်မှ ဒီမိုကရေစီအရေးလှုပ်ရှားသူ ကျူရှင်ဆရာ ဦးအောင်ဖေက ဇန်နဝါရီ ၃၀ ရက်နေ့ ညနေ ၇ နာရီမှ စတင်ကာ ၄၈ နာရီကြာ အဆာငတ်ခံဆန္ဒပြနေသည်။ **(DVB 310111)** **Read More...**
- ရခိုင်တိုင်းရင်းသားများ တိုးတက်ပါတီ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်အား အမျိုးသားလွှတ်တော်တွင် ဒုတိယ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရခြင်းအပေါ် ရခိုင်လူထုအကြား စိတ်ဝင်စားမှုပိုမိုများပြားလာနေကြောင်း စစ်တွေမြို့နယ် အမှတ် (၂) ပြည်နယ် လွှတ်တော် အမတ်လည်း ဖြစ်၊ စစ်တွေမြို့နယ် အတွင်းရေးမှူးလည်း ဖြစ်သော ဦးအောင်မြကျော်က ပြောသည်။ **(Narinjara 010211)** **Read More...**
- စစ်အစိုးရ ကျင်းပနေသော ပြည်ထောင်စု လွှတ်တော် အစည်းအဝေးနှင့် တက်လာမည့် အစိုးရ ခေါင်းဆောင်များကို စိတ်မဝင်စားကြောင်း နိုင်ငံရေး အကျဉ်းသားဟောင်း၊ ရဲဝန်ထမ်းနှင့် နိုင်ငံရေးသမားများက ပြောသည်။ **(Mizzima 020211)** **Read More...**

## မီဒီယာအခန်းကဏ္ဍ

- မြန်မာနိုင်ငံတွင် နှစ် ၄၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် ဇန်နဝါရီလ ၃၁ ရက်နေ့ စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးအတွက် ပုဂ္ဂလိက သတင်းမီဒီယာများကို သတင်းရယူခွင့် ပိတ်ပင်ထားကြောင်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူးနှင့် **CPC** ပုဂ္ဂလိက စာနယ်ဇင်း ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးကိုကို (စက်မှုတက္ကသိုလ်) က ပြောသည်။ **(RFA 300111)** **Read More...**, **DVB...**
- လွှတ်တော်အစည်းအဝေးအတွက် ကိုယ့်အစီအစဉ်နှင့်ကိုယ် သတင်းရယူရန် နေပြည်တော်တွင် ရောက်ရှိနေကြသည့် ပြည်တွင်း ဂျာနယ် သတင်းထောက်များကို လုံခြုံရေးရဲများ အထူးတင်းကျပ်ထားသည့်အတွက် ဓာတ်ပုံရိုက်ခွင့်၊ သတင်းယူခွင့် မရရှိကြကြောင်း နိုင်ငံခြားသတင်း ဌာနက ကိုယ်စားလှယ်တဦးဖြစ်သူ ဦးကိုကို (စက်မှုတက္ကသိုလ်)က ပြောသည်။ **(RFA 310111)** **Read More...**,
- မြန်မာနိုင်ငံ လွှတ်တော်အစည်းအဝေးများတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်သတင်းယူခွင့် မပေးခြင်းသည် ဒီမိုကရေစီနည်းမကျဟု ပြင်သစ်အခြေစိုက် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ **RSF** က ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဝေဖန်လိုက်သည်။ **(Mizzima 010211)** **Read More...**
- နေပြည်တော်တွင် ဖေဖော်ဝါရီ ၄ ရက်နေ့ကျင်းပနေသည့် လွှတ်တော်မှ နောက်ဖြစ်လာမည့် အစိုးရသစ်အတွက် သမ္မတအမည်စာရင်းများ ထုတ်ပြန်လိုက်သည့်အပေါ် စစ်တပ်အုပ်ချုပ်မှုမှ အရပ်သားအုပ်ချုပ်မှုဆိုသည့် အပြောင်း



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
“Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

အလဲများ ဖြစ်လာခြင်းရှိမရှိကို စောင့်ကြည့်ရမည်ဟု ဝါရင့်သတင်းစာ အယ်ဒီတာတဦးဖြစ်သူ ဆရာမောင်သစ်လွင် (လူထု)က ပြောသည်။ **(VOA 040211)** [Read More...]

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- ၄ နှစ် တကြိမ် စိစစ်သုံးသပ်တဲ့ **UPR** ဆွေးနွေးပွဲ၏ မြန်မာနိုင်ငံဆိုင်ရာ မူကြမ်းဆုံးဖြတ်ချက်ကို ဇန်နဝါရီ ၃၁ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီတွင် ဒေသစံတော်ချိန် ၁၂ နာရီက ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး မူကြမ်းဆုံးဖြတ်ချက်ကို နအဖစစ်အစိုးရက ကာကွယ်တုံ့ပြန်ပြောဆိုခဲ့သည်။ **(RFA 310111)** [Read More...], [DVB...]
- ဇန်နဝါရီ ၃၁ ရက် ညနေပိုင်းက အာရှလစ်ဘရယ်ဒီမိုကရက် လွှတ်တော်အမတ်များအဖွဲ့ **(CALD)** ဥက္ကဋ္ဌနှင့်အဖွဲ့ကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူမ၏နေအိမ်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း၊ အာရှဒေသ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးခဲ့ကြောင်း **NLD** ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ **(RFA 310111)** [Read More...]
- ပြည်သူ့လွှတ်တော်သစ် ကျင်းပပြီး အစိုးရသစ် ဖွဲ့စည်းခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာနှင့် အမျိုးသား ရင်ကြားစေ့ရေးကိစ္စကို ဖြေရှင်းနိုင်သည့်အခင်းအကျင်း မဟုတ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာ့ရန်ပုံငွေရုံး ညွှန်ကြားရေးမှူး ဒေါက်တာသောင်းထွန်းက ပြောသည်။ **(RFA 310111)** [Read More...]
- မြန်မာနိုင်ငံတွင် ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော်မှ ပေါ်ထွက်လာမယ့် အစိုးရအဖွဲ့သစ်အနေဖြင့် အတိုက်အခံ ပါတီကိုယ်စားလှယ်များကို ပိုမို နေရာပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ဖေဖော်ဝါရီ ၄ ရက်နေ့က တိုက်တွန်း ပြောကြားလိုက်သည်။ **(RFA 050211)** [Read More...]

### (ခ) အစိုးရများ

- မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်က မော်လ်ဒိုက်နိုင်ငံက ဝေဖန်လိုက်ကာ သိသာထင်ရှားပြီး အနှစ်သာရအရ လက်တွေ့ကျသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။ **(RFA 300111)** [Read More...]
- ထိုင်း–မြန်မာနယ်စပ်တွင် ဖြစ်ပွားနေသည့် နယ်စပ်ပြဿနာများကို ဆွေးဆွေးညှိနှိုင်း အဖြေရှာသည့် နည်းကိုသာ အသုံးပြုသွားမည်ဟု ထိုင်းတပ်မတော် ကြည်းတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပရွှတ်ကျန်ထာ့အိုချာက ဇန်နဝါရီ ၃၁ ရက်နေ့တွင် ပြောကြားလိုက်သည်။ **(Irrawaddy 310111)** [Read More...]
- မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၃၁ ရက်နေ့မှစတင် ခေါ်ယူကျင်းပခဲ့သည့် လွှတ်တော်တွင် စစ်တပ်အရာရှိများနှင့် စစ်အစိုးရ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** က လွှမ်းမိုးထားလိမ့်မည်ကို မူလကတည်းက မျှော်လင့်ပြီးသား ဖြစ်ကြောင်း အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာနမှ ပီ.ဂျေ ခရော်လီ **(P.J Crowley)** က ပြောသည်။ **(VOA 310111)** [Read More...]
- မြန်မာနိုင်ငံတွင် ဇန်နဝါရီ ၃၁ ရက်နေ့က စတင်ကျင်းပသည့် လွှတ်တော်များ၏ အခြေအနေအရပ်ရပ်ကို ဂျပန် အစိုးရက အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးပြီး ထိရောက်သည့်တွေ့ဆုံ ဆွေးနွေးမှုများ လုပ်ဆောင်ရန်ထပ်မံတိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 010211)** [Read More...]
- မြန်မာနိုင်ငံနှင့် ပတ်သက်၍ အမေရိကန် ပြည်ထောင်စု၏ လက်ရှိတိုက်ရိုက်ထိစပ် ဆက်ဆံရေးမူဝါဒသည် ရလဒ်ကောင်း မရသေးဘဲ စိတ်ပျက်စရာများနှင့် ရင်ဆိုင်နေရသော်လည်း နောက်တက်လာမည့် မြန်မာအစိုးရသစ်၏ တုံ့ပြန်မှုကို စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **(Kurt Campbell)** က ပြောကြားလိုက်သည်။ **(VOA 020211)** [Read More...]



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA

- မြန်မာနိုင်ငံတွင် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုများအပေါ် ရာဇဝတ် ကျူးလွန်မှုများရှိနေသည်ဆိုသည့် စွပ်စွဲချက်များအပေါ် နိုင်ငံတကာစုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးကို ဘယ်လ်ဂျီယမ်နိုင်ငံမှ တရားဝင်ထောက်ခံလိုက်သည်ဟု **Burma Action Belgium** အဖွဲ့က ပြောဆိုလိုက်သည်။ **(RFA 040211)** **Read More...**
- စစ်အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်လိုက်သည့်သတင်း ထွက်လာချိန်တွင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး **Seiji Maehara** က မြန်မာ့ဒီမိုကရေစီရေး မြှင့်တင်ဆောင်ရွက်ပါရန် တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 050211)** **Read More...**
- ၁၀ စုနှစ် ၂ ခုကျော် ကာလအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံး သမ္မတအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသိန်းစိန်အား ရွေးချယ်လိုက်သည့်အပေါ် တရုတ်အစိုးရက ကြိုဆိုကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(DVB 050211)** **Read More...**

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နိုဝင်ဘာလ ရွေးကောက်ပွဲ ရလဒ်ပေါ်အခြေခံသည့် ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးများကို ဇန်နဝါရီ ၃၁ ရက်နေ့တွင် နေပြည်တော်၌ စတင်ကျင်းပမည်ဖြစ်သော်လည်း မြန်မာစစ်အစိုးရဦးဆောင်သည့် လွှတ်တော်သစ်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ကြဉ်းနိုင်မည်မဟုတ်သကဲ့သို့ မြန်မာ့နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း နယူးယောက်အခြေစိုက် မြန်မာ့ရန်ပုံငွေအဖွဲ့ **(The Burma Fund)** က ထောက်ပြပြောဆိုလိုက်သည်။ **(VOA 300111)** **Read More...**
- ဂျပန်နိုင်ငံက အကြီးစားစက်မှုအလုပ်သမားများသမဂ္ဂအဖွဲ့ **(JAM)** က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထံကို သမဂ္ဂအနေဖြင့် ပြည်ပရောက် မြန်မာအလုပ်သမားများကို အကူအညီပေးနေကာ မြန်မာ့ဒီမိုကရေစီရေးနှင့် ပြည်တွင်း မြန်မာအလုပ်သမားများကိုလည်း မည်သို့မည်ပုံကူညီဆောင်ရွက်ပေးရမည်ကို ဖေဖော်ဝါရီ ၄ ရက်နေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့သည်။ **(RFA 040211)** **Read More...**

---

***End of report/ Saturday, February 05, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---



**pdfMachine - is a pdf writer that produces quality PDF files with ease!**
**Get yours now!**
"Thank you very much! I can use Acrobat Distiller or the Acrobat PDFWriter but I consider your product a lot easier to use and much preferable to Adobe's" A.Sarras - USA